“အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ထံ ပထမဦးဆုံးစတင်ခဲ့သောဝဟီဗျာဒိတ်တော်မှာ မှန်ကန်သည့် အိပ်မက်ကောင်းများဖြစ်သည်

မုအ်မင်န်တို့၏ မိခင်ကြီး အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။
“အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ထံ
ပထမဦးဆုံးစတင်ခဲ့သော ဝဟီဗျာဒိတ်တော်မှာ မှန်ကန်သည့် အိပ်မက်ကောင်းများ ဖြစ်သည်။တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မြင်မက်တော်မူသည့် အိပ်မက်တိုင်း သည်နံနက်မိုးသောက်ယံအလင်းကဲ့သို့ ထင်ရှားစွာ ဖြစ်ပေါ်လာလေ့ရှိသည်။ ထို့နောက်
ကိုယ်တော်သည် တစ်ကိုယ်တည်း ဆိတ်ငြိမ်ရာ၌နေခြင်းကို နှစ်သက်ခုံမင်တော်မူလာ၏။
ထို့ကြောင့် ကိုယ်တော်မြတ်သည် ဟီရာလိုဏ်ဂူ၌ တစ်ဦးတည်း သွားနေလေ့ရှိတော်မူသည်။မိမိမိသားစုထံပြန်မလာဘဲ ထိုလိုဏ်ဂူ၌ပင် ညပေါင်းများစွာ
အေဗာဒသ်တရားအားထုတ်တော်မူလေ့ရှိသည်။ ယင်းအတွက် စားနပ်ရိက္ခာကိုပါ
သယ်ဆောင်သွားတော်မူ၏။ ထို့နောက် (စားနပ်ရိက္ခာကုန်သွားသည့်အခါ၌) ခဒီဂျဟ်(ရဿွိယလ္လာဟုအန်ဟာ)ထံသို့ပြန်လာပြီး ထိုရက်အတိုင်းအတာအတွက် စားနပ်ရိက္ခာထပ်မံသယ်ဆောင်သွားတော်မူလေ့ရှိ၏။ နောက်ဆုံးတွင် ကိုယ်တော်မြတ်သည်
ဟီရာဂူအတွင်း၌ရှိစဉ် ကိုယ်တော်မြတ်ထံ အမှန်တရား (ဝဟီ) ရောက်ရှိလာလေသည်။
ကောင်းကင်တမန်သည် ကိုယ်တော့်ထံရောက်လာပြီး "အသင်ဖတ်ပါ"ဟု ပြောဆိုလေ၏။ ကိုယ်တော်က ‘ကျွန်ုပ် ဖတ်တတ်သူမဟုတ်ပါ’ ဟု ဖြေကြားလေ၏။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်။ ထိုအခါ (ကောင်းကင်တမန်က) ‘ငါကိုယ်‌တော်အား ဖက်ပြီး ညှစ်လေ၏။ နောက်ဆုံး ငါကိုယ်တော်သည်
ခံနိုင်ရည်မရှိတော့သည့်အထိ ဖြစ်သွားရ၏။ ထို့နောက် ငါကိုယ်တော်အား လွှတ်လိုက်၏။တစ်ဖန် "အသင်ဖတ်ပါ"ဟု ပြောဆိုပြန်လေ၏။ ငါကိုယ်တော်က ‘ကျွန်ုပ် ဖတ်တတ်သူမဟုတ်ပါ’ ဟု ပြန်ဖြေ၏။ ထိုအခါ (ကောင်းကင်တမန်က) ဒုတိယအကြိမ်‘ငါကိုယ်‌တော်အား ဖက်ပြီး
ညှစ်လေ၏။ နောက်ဆုံး ငါကိုယ်တော်သည် ခံနိုင်ရည်မရှိတော့သည့်အထိ ဖြစ်သွားရ၏။
ထို့နောက် ငါကိုယ်တော်အား လွှတ်လိုက်၏။ ထို့နောက် "အသင်ဖတ်ပါ"ဟု ပြောဆိုပြန်လေ၏။ငါကိုယ်တော်က ‘ကျွန်ုပ် ဖတ်တတ်သူမဟုတ်ပါ’ ဟု ပြန်ဖြေ၏။ ထိုအခါ (ကောင်းကင်တမန်က) တတိယအကြိမ်‘ငါကိုယ်‌တော်အား ဖက်ပြီး ညှစ်လေ၏။ ထို့နောက် ငါကိုယ်တော်အား
ပြန်လွှတ်လိုက်ပြီး ပြောသည်မှာ- {အသင်သည် အသင့်အား
ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ နာမတော်ဖြင့် (အစပြု)ဖတ်ပါ။ ထိုအရှင်မြတ်သည်လူသားကို သွေးခဲ၊ (တွယ်ကပ်နေသောအရာ၊ မျှော့ကောင်ကဲ့သို့သောအရာ)မှ
ဖန်ဆင်းတော်မူခဲ့သည်။ အသင်ဖတ်ပါ။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလွန်အရက်ရောဆုံး ပေးကမ်းတော်မူသောအရှင် ဖြစ်တော်မူသည်။} (စူရဟ်အလက် ၉၆:၁-၃) ထို့‌နောက် အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် စိတ်နှလုံးထိတ်လန့်တုန်လှုပ်လျက်
ထိုအာယသ်တော်များနှင့် အတူပြန်လာခဲ့ပြီး၊ ခဒီဂျဟ် ဗင်န်သု

[صحيح] [متفق عليه]

ဖြစ်သည်။ ထို (အသင် သာသနာဘက်ကို ဖိတ်ခေါ်သည့်) အချိန်ကာလ၌ ကျွန်ုပ်သည်တောင့်တင်းသန်မာသောလူငယ်တစ်ယောက်ဖြစ်လျှင် ကောင်းလေစွ။ အသင်၏ အမျိုးသားတို့ကသင့်အား နှင်ထုတ်သည့်အချိန်တွင် ကျွန်ုပ် အသက်ရှင်လျက်ရှိနေလျှင် ကောင်း‌လေစွ။ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ‘သူတို့သည် ကျွန်ုပ်အားနှင်ထုတ်ကြမည်လော’ဟု မေးမြန်းတော်မူ၏။ ဝရကဟ်က ပြန်ဖြေသည်မှာ ‘ဟုတ်ပါသည်' အသင်ယူဆောင်လာသည့် အရာ(ဝဟီ)မျိုးကို ယူဆောင်လာခဲ့သည့်သူတိုင်း ဒုက္ခပေးခံရခြင်း၊ရန်ပြုခြင်းမခံရသည်ဟူ၍ မရှိပါ။ အကယ်၍ အသင်၏နေ့ရက် (နှင်ထုတ်ခံရသည့်အချိန်ကာလ) ကိုကျွန်ုပ်ကြုံခဲ့လျှင် သင့်အား ကျွန်ုပ် အစွမ်းကုန်အကူအညီပေးပါမည်။ ထို့နောက်များမကြာမီမှာပင် ဝရကဟ်မှာ ကွယ်လွန်သွားခဲ့ပြီး ဝဟီကျရောက်မှုလည်းခေတ္တရပ်ဆိုင်းသွားလေ၏။

https://sunnah.global/hadeeth/my/show/66303